စိတ်ကူးချိုချိုအနုပညာ



# ပြုံးတစိမ့်စိမ့် ဟာသများ

ရဲဝတိုင်း

mgyoe.com



ပြုံးတစိမ့်စိမ့်ဟာသများ

YST0006

600.00 KS

mgyoe.com

mgyoe.com

## ပြုံးတစိမ့်စိမ့်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၄၁၄၁၂၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၀၈၂၀၁၁ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ဣ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ရန်ကုန်တို့က ပထမ အကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁ ခုနှစ်၊ မတ်လတွင် တန်ဖိုး ၆၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## စာအုပ်ချုပ် - သစ္စာ

၈၀၈.၈၇

ရဲစတိုင်း

ပြုံးတစိမ့်စိမ့် / ရဲစတိုင်း ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။

စာမျက်နှာ ၁၃၉ မျက်နှာ၊ ၁၀.၅ စင်တီ× ၁၆.၅ စင်တီ

(၁) ပြုံးတစိမ့်စိမ့်

mgyoe.com

mgyoe.com

## မကြိုက်လို့ပါ

**ဆရာမ** – မင်းကို ငှက်ပျောသီး ၃၆ လုံးပါတဲ့ခြင်းနဲ့ လိမ္မော်သီး ၅ လုံးပါတဲ့ခြင်းကို ရွေးခိုင်းရင် ဘယ်ဟာယူမလဲ။

**တာယည်** – လိမ္မော်သီး ၅ လုံးပါတဲ့ခြင်းကို ရွေးပါမယ်။

**ဆရာမ** – တကယ်တော့ ၃၆ လုံးဟာ ၅ လုံးထက်များတယ်ဆိုတာ မင်းနားမလည်ဘူးလား။

**တာယည်** – နားလည်ပါတယ်ဆရာမ။ အဲဒါကြောင့် လိမ္မော်သီး ၅ လုံးပါတဲ့ခြင်းကိုရွေးတာပေါ့။ သားမှ ငှက်ပျောသီး မကြိုက်တာ။

mgyoe.com

mgyoe.com


## အတွေးကောင်းသူ

"အိမ်ရှင်တွေ အလည်အပတ်ခရီးထွက်နေတုန်း ငါတို့ အိမ်ဖောက်ကြရအောင်"

"မင်း ရူးနေလား၊ အဲဒီအိမ်မှာ ခွေး ၆ ကောင်ရှိတယ်။ ခွေးတွေ ဟောင်သံကြားရင် ပတ်ဝန်းကျင်က သိကုန်မှာပေါ့ကွ"

"ငါက အဲသလိုမတွေးဘူး။ အကောင်းဘက်က တွေးကြည့်မိတယ်။ ခွေးတွေ ကျယ်ကျယ်လောင်လောင်ဟောင်နေတော့ ငါတို့ ဖောက်ထွင်းသံကို ဘယ်သူမှကြားရမှာမဟုတ်ဘူး"

## ရုပ်ဖျက်ကောင်းသူ

ဘဏ်တစ်ခုသည် သီတင်းတစ်ပတ်အတွင်းမှာပင် လေးကြိမ်တိတိ ဓားပြတိုက်ခံရသည်။ အတိုက်ခံရတိုင်းတွင် ဓားပြတစ်ဦးတည်းကသာ လာတိုက်ခြင်းဖြစ်သည်။

လေးကြိမ်မြောက် ဓားပြတိုက်ခံရအပြီးတွင် ရဲက ဘဏ်မန်နေဂျာကို ဓားပြ၏ပုံပန်းသဏ္ဍာန်အား မေးမြန်းလိုက်သည်။

"ဒီလိုဗျာ . . . ဓားပြတိုက်သူက တစ်ယောက်တည်းပါပဲ။ ဒါပေမဲ့ တစ်ကြိမ်ထက်တစ်ကြိမ် သူ့အဝတ်အစားတွေ ပိုကောင်းလာပါတယ်"

mgyoe.com

mgyoe.com


## သုတေသနပြုချက်

လေ့လာစူးစမ်းမှုအသစ်တစ်ရပ်က ဖော်ထုတ်လိုက်သည်မှာ လူ ၅ ယောက်တွင် တစ်ယောက်မှာ အိပ်ရင်း ဟောက်တတ်သူ ဖြစ်သည်။ အခြားသော သီးခြားလေ့လာမှုတစ်ရပ်အရ တွေ့ရှိရသည်မှာ လူ ၅ ယောက်လျှင် ၄ ယောက်မှာ အိပ်မပျော်ရောဂါစွဲနေသည်ဟူ၏။

## တူညီမှု


"မင်း တူနဲ့သံ ရိုက်နေတာ မိုးကြိုးပစ်သလိုပဲကွ"

"အသံ သိပ်ကျယ်လို့လားဟင်"

"မဟုတ်ဘူး။ မင်းရဲ့တူက တစ်နေရာတည်းကို ဘယ်တော့မှ နှစ်ကြိမ်မထုမိလို့"

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


## အဖြေကောင်း

ကိုယ်ကာယလေ့ကျင့်ခန်းတွင် သင်တန်းသားအားလုံးကို ကျောခင်းစေပြီး ခြေနှစ်ချောင်း မိုးပေါ်ထောင်ကာ စက်ဘီးနင်းသကဲ့သို့ လှုပ်ရှားခိုင်းထားသည်။

မိနစ်အတော်ကြာတွင် လူတစ်ယောက်က လှုပ်ရှားမှုရပ်နေသည်ကိုတွေ့ရသဖြင့် နည်းပြက လှမ်းအော်လိုက်သည်။

"စက်ဘီးကို နင်းနေရမှာလေ . . . ဘာလို့ရပ်နေရတာတုန်း"

"ကျွန်တော် မရပ်ပါဘူး။ ကုန်းဆင်းမှာ အရှိန်နဲ့ဆင်းနေတာပါ"

mgyoe.com

mgyoe.com


## သူ့အဓိပ္ပာယ်နဲ့သူ

ကြေးနန်းရုံးအတွင်းသို့ ခွေးတစ်ကောင်ဝင်လာပြီး ပုံစံစာရွက်လွတ်ယူ၍ ရေးချလိုက်သည်။

ဝုတ်–ဝုတ်–ဝုတ်–ဝုတ်–ဝုတ်–ဝုတ်–ဝုတ်–ဝုတ်–ဝုတ်

ကြေးနန်းစာရေးက ဖတ်ကြည့်ပြီး ပြောပြလိုက်သည်။

"စာလုံးက ၉ လုံးပဲရှိသေးတယ်။ နောက်တစ်လုံး ထပ်ရေးလိုက်ပါလား။ ပိုက်ဆံပိုမပေးရပါဘူး"

ခွေးက စာရေးကို နားမလည်နိုင်ရန်ကောင်းဟုကြည့်ရင်း ...

"ဒီလိုရေးရင် အဓိပ္ပာယ်တစ်မျိုး ဖြစ်သွားမှာပေါ့ဗျ"

mgyoe.com

mgyoe.com


## ဝင်ငွေရှာရင်းစမြစ်

လမ်းပေါ်မှ ရွှံ့ဗွက်ချိုင့်ထဲကျသွားသောကားကို ဒေါ်လာနှစ်ဆယ်ပေးလျှင် ဝိုင်းတွန်းထုတ်ပေးမည်ဟု လယ်သမားကြီးက ပြောလိုက်သည်။

ကားဒရိုင်ဘာက သဘောတူသဖြင့် လယ်သမားကြီးက ကားတွန်းရင်း ပြောပြလိုက်သည်။

"ဒီနေ့ ကျွန်တော် တွန်းပေးရတဲ့ကားတွေထဲမှာ ခင်ဗျားကားဟာ ၁၀ စီးမြောက်ပဲ"

"တယ်ဟုတ်ပါလား။ ဝင်ငွေဖြောင့်နေတာကိုး။ ဒီလိုဆို ခင်ဗျားရဲ့လယ်ကို ဘယ်အချိန်မှာလုပ်သလဲဗျ။ ညဘက်မှာလား"

"ညမှာလည်း မအားပါဘူးဗျာ။ ဟောဒီကျင်းထဲကို ရေဆွဲလောင်းနေရတာနဲ့ အချိန်ကုန်နေတာပါ"

## စိုးရိမ်တတ်သူ

မင်္ဂလာဧည့်ခံပွဲတစ်ခုတွင် ပရိသတ်ထဲမှ အပျိုကြီးတစ်ဦးက ညည်းတွားလိုက်သည်။


"ဟင်း . . . ကိုယ့်အလှည့်မှ ရောက်ပါဦးမလား"

"အားမငယ်စမ်းပါနဲ့အေရယ် . . . ဟင်းအိုးတိုင်းမှာ အဖုံးတစ်ခုတော့ ရှိကြစမြဲပါ"

"အေး . . . တကယ်လို့ ငါကအဖုံးမလိုတဲ့ ဒယ်အိုးဖြစ်နေရင်ကော"

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


## အကွက်ကောင်း

ဆူဆန်သည် အလုပ်မှ နားရက် အနည်းငယ် ယူချင်နေသည်။ သို့သော် သူမ၏သူဌေးက ခွင့်ပေးမည် မဟုတ်ကြောင်း သိထားလေသည်။ ဤတွင် ရှုးကြောင်ကြောင်အကြံတစ်ခု ရလိုက်လေသည်။

သို့ဖြင့် မျက်နှာကြက်မှာ ဇောက်ထိုးဆွဲနေလိုက်ရာ ပိုင်ရှင်က သတိပြုမိသွားသည်။

"ဘာဖြစ်လို့ အဲသလိုနေရတာလဲ"

"ကျွန်မက မီးသီးဖြစ်သွားပြီလေ"

"ဟင်း . . . ကြည့်ရတာ အလုပ်ပင်ပန်းလွန်းလို့ စိတ်ကယောက်ကယက်ဖြစ်သွားပုံပဲ။ နှစ်ရက်လောက် အနားယူလိုက်လေ"

ဆူဆန်က မျက်နှာကြက်မှ ခုန်ဆင်းလာပြီး တံခါးဝသို့ အပြေးထွက်သွားသည်။ သူမနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ဂျုန်းကလည်း အခွင့်အရေးကို အရဆုပ်ကိုင်ကာ သူမနောက်မှ လိုက်ပါသွားတော့သည်။

အလုပ်ရှင်က ဂျုန်းကို လှမ်းအော်မေးလိုက်သည်။

"နင်က ဘယ်သွားမလို့ပဲ"

"ကျွန်မလည်း အိမ်ပြန်အနားယူမယ်လေ။ မီးလုံးမရှိတဲ့ အမှောင်ထဲမှာတော့အလုပ် မလုပ်နိုင်ပါဘူး"

mgyoe.com

mgyoe.com


## ပျော်များ ပျော်ရမလားလို့

ခုနစ်နှစ်သားအရွယ် မက်သယူးသည် တီဗွီတွင် ဖုန်စုပ်စက် ကြော်ငြာကိုမြင်လိုက်သည်။ ဖုန်စုပ်စက်ကိုင်ပြီး ကြော်ငြာသူ အမျိုးသမီးသည် အခန်းသန့်ရှင်းရေးလုပ်ရင်း သီချင်းဆိုလိုက်၊ ကခုန်လိုက်လုပ်နေသည်ကို တွေ့ရသဖြင့် ထိုပစ္စည်းကို သဘောကျသွားပြီး မိခင်ကိုဝယ်ပေးရန် ပူဆာလေသည်။

ဖုန်စုပ်စက်ဝယ်ပြီးပြီးချင်း အခန်းသန့်ရှင်းရေးလုပ်လေတော့သည်။ ၁၅ မိနစ်ခန့်ကြာသောအခါ မိခင်ကို ဖုန်စုပ်စက်သွားပေးရင်း ပြောလိုက်သည်။

"မစွံပါဘူး မေမေရာ၊ ဘာမှ က ချင်စိတ် ဖြစ်မလာပါဘူး"

mgyoe.com

mgyoe.com


## ဒါဆို တစ်ပိုင်းပဲရမယ်

ကားဝယ်ရောင်းသမားတစ်ဦးသည် ဖောက်သည်ကို ကားတစ်စီးပြသနေသည်။

"ဒီကားက ၉၈ မော်ဒယ်လေ။ ရောင်းဈေးက ဒေါ်လာ ၇၀၀၀ ပါ"

"အင်း. . . ကျွန်တော်က ဒေါ်လာ ၃၅၀၀ ပဲ ပေးချင်တာဗျ"

"ဟင်. . . ဒါဆိုရင်တော့ နောက်တစ်ခြမ်းဝယ်ချင်တဲ့သူကို စောင့်ပေရော့။ ဖြစ်နိုင်ရင် ကျွန်တော်က ခင်ဗျားကို ကားတစ်စီးလုံး ရောင်းလိုက်ချင်တာ"

mgyoe.com

mgyoe.com


# အခုမှတ်လို့ ငြင်းလိုက်တာ

ဘားဆိုင်ထဲသို့ ဘုန်းတော်ကြီးတစ်ပါး ဝင်လာပြီး ပထမဆုံးတွေ့သူကို မေးလိုက်သည်။

"မင်း ကောင်းကင်ဘုံကို သွားချင်သလား"

"သွားချင်ပါတယ် ဖာသာ"

"ကောင်းပြီ၊ ဟောဟိုနေရာမှာ သွားရပ်နေပါ"

ဘုန်းတော်ကြီးက ဒုတိယလူကို မေးလိုက်ပြန်သည်။

"မင်းရော ... ကောင်းကင်ဘုံကို သွားချင်သလား"

"တကယ့်ကို သွားချင်ပါတယ် ဖာသာ"

"ကောင်းပြီ၊ ဟိုလူနဲ့ အတူသွားရပ်နေပါ"

ဘုန်းတော်ကြီးက တတိယလူကို မေးလိုက်ပြန်သည်။

"မင်းကရော ကောင်းကင်ဘုံကို သွားချင်တာပဲလား"

"ဟင့်အင်း ... မသွားချင်ပါဘူး"

"ဘာကွ ... မင်းဆိုလိုချင်တာက မင်း သေလွန်တဲ့အခါ ကောင်းကင်ဘုံကို မရောက်ချင်ဘူးပေါ့လေ"

"အိုး ... ကျွန်တော် သေပြီးမှလား ...၊ မသိပါဘူး ... အခုပဲသွားတော့မလို့ ဖာသာက လူလိုက်စုနေတယ်ထင်လို့ပါ"

mgyoe.com

mgyoe.com


# ခင်တတ်လွန်းလို့ပါ

တိရစ္ဆာန်ဆေးကုခန်းသို့ အမျိုးသမီးတစ်ဦးသည် ကြောင်တစ်ပြုံတစ်မနှင့်အတူ ရောက်ရှိလာသည်။ ကြောင်မကြီးကို သားအိမ် ထုတ်ပေးရန်နှင့် ကြောင်ထီးခြောက်ကောင်ကို သင်းကွပ်ပေးရန် ဖြစ်သည်။

"ကြောင်တွေက ခင်တတ်ရဲ့လားဗျာ"

"ဘာ ခင်တတ်သလဲ မပြောပါနဲ့ ဒေါက်တာရယ်။ ခင်တတ်လွန်းအားကြီးလို့ အခုလို အရှုပ်ထုပ်တွေကို လာရှင်းရတာပါ"

mgyoe.com

mgyoe.com


## လျှော့ဈေးနဲ့သာဆိုရင်

"ကျွန်တော့်မိန်းမက လျှော့ဈေးနဲ့ရောင်းရင် ဘာမဆို ဝယ်တယ်ဗျ"

"ဟုတ်လား၊ အဲဒါတကယ်ပဲလား"

"တကယ်ပြောနေတာ။ မနေ့ကပဲ လျှော့ဈေးနဲ့ရလို့ဆိုပြီး အိမ်ကို စက်လှေကားတစ်စင်း သယ်လာခဲ့တယ်လေ"

mgyoe.com

mgyoe.com


# အတုံ့အလှည့်

ထရပ်ကားသမားများ ရပ်နားစခန်းရှိ စားသောက်ဆိုင်ထဲသို့ ခြေသံပြင်းပြင်းနင်းကာ လူကြမ်းသုံးဦး ဝင်ရောက်လာချိန်တွင် ဆိုင်ထဲ၌ အသက်ကြီးကြီးကားဒရိုင်ဘာတစ်ဦးမှာ နံနက်စာ စားနေဆဲဖြစ်သည်။

ဆိုင်ကယ်သမားတစ်ဦးက သောက်လက်စ စီးကရက်တို ကို နံနက်စာ စားနေသူ ကားဒရိုင်ဘာကြီး၏ ကိတ်မုန့်ပန်းကန်ထဲ ထိုးနှစ် မီးငြိမ်းလိုက်၏။ ဒုတိယ ဆိုင်ကယ်သမားက သူ စားနေ သော ဆေးရွက်ကြီးကို ကော်ဖီခွက်ထဲသို့ ထွေးထည့်လိုက်ပြန် သည်။ တတိယဆိုင်ကယ်သမားကတော့ ထိုသူ၏ စားလက်စ ပန်းကန်ပြားကို ဆွဲမှောက်ပစ်လိုက်လေသည်။

ဆံပင်ဖြူနေပြီဖြစ်သော ကားဒရိုင်ဘာကြီးက ဘာတစ်ခွန်း မှမပြောဘဲ ကျသင့်ငွေရှင်းပြီး အပြင်ထွက်သွားခဲ့သည်။ ရန်စလိုက် သော ဆိုင်ကယ်သမားတစ်ဦးက မချင့်မရဲပြောလိုက်ပုံက ...

"ဒီလူ ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ"

ဤတွင် စားပွဲထိုးအမျိုးသမီးက ဝင်ပြောလိုက်သည်။

"သူဟာ ဒရိုင်ဘာလည်း မဟုတ်သလိုပဲရှင့်။ ထရပ်ကားကို နောက်ဆုတ်လိုက်ရာမှာ ဆိုင်ကယ်သုံးစီးစလုံးကို တက်ကြိတ်မိ နေလို့ အခုလေးတင်မှ မောင်းထွက်သွားနိုင်တယ်လေ"

mgyoe.com

mgyoe.com


## မေ့နိုင်ကြပါပေ့

အသက်အရွယ်အရ မေ့တတ်စပြုနေပြီဖြစ်သော ဇနီးမောင်နှံကို ဆရာဝန်က မှတ်မိစေရန် အထောက်အကူအဖြစ် မှတ်စုရေးထားရန် အကြံပြုလိုက်သည်။

ညနေခင်းတစ်ခုတွင် တီဗွီကြည့်ရင်း ဇနီးဖြစ်သူက အိုက်(စ်)ခရင်(မ်)တစ်ခွက်ယူလာပေးရန် ခင်ပွန်းကိုပြောလိုက်သည်။

"အိုက်(စ်)ခရင်(မ်)တစ်ခွက် ... ဟုတ်ပြီနော်။ ဒါလေးနဲ့တော့ ရေးမှတ်စရာမလိုပါဘူး။ မှတ်မိပါတယ်"

မိနစ်နှစ်ဆယ်ခန့်ကြာသောအခါ ဝက်နံရိုးဟင်းနှင့် ကြက်ဥမွှေပန်းကန်ကိုင်ကာ ပြန်ရောက်လာသည်။

"ကဲ ...မပြောလား။ ရှင့်ကို စာရွက်နဲ့ရေးမှတ်ပါလို့။ ကျွန်မမှာတာက အာလူးကြော်ရှင့်၊ အာလူးကြော်"

mgyoe.com


mgyoe.com


## နံပါတ်သုံး ဘယ်မှာလဲ

ပရိုက်ဗိတ်ကျောင်းတစ်ခုမှ အထက်တန်းကျောင်းသားတို့သည် အဆင့်မြင့်ရယ်စရာတို့ကို ဖန်တီးပြတတ်ကြသည်။

နွေရာသီ ကျောင်းမပိတ်မီ ရယ်စရာလက်ဆောင်အဖြစ် ကျောင်းဝင်းအတွင်းသို့ ဝက်သုံးကောင်ကို လွှတ်ပေးထားလိုက်သည်။ ဝက်များကို နံပါတ်တစ်၊ နံပါတ်နှစ်၊ နံပါတ်လေးဟု ရေးမှတ်ပေး လိုက်သည်။ ကျောင်းအာဏာပိုင်များက ဝက်များကို ချက်ချင်း လိုက်ဖမ်းမိခဲ့ကြသည်။ သို့သော် နံပါတ်သုံးဝက်ကို ရှာဖွေရင်းဖြင့် တစ်နေ့လုံး အချိန်ကုန်သွားကြလေသည်။

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com


## ခေါင်းထက်မှ စားလို့ရမယ်

"ကျွန်တော်တို့ ဆိုင်မှာစားသောက်ရတာ အိုကေရဲ့လား ခင်ဗျာ"

"မအိုကေဘူး၊ ကြက်သားက မာလွန်းလို့ ခေါင်းနဲ့လှီးတာ တောင်မရဘူး"

"အိုး... ဆောရီး ... ဒါဖြင့် ပိုပြီးထက်တဲ့ခေါင်းယူပေးမယ်လေ"

mgyoe.com

mgyoe.com


## ကွာခြားချက်

သိလွန်းတတ်လွန်းခြင်းသည် အမြဲတမ်းကောင်းနေသည် တော့မဟုတ်ပါ။ ဆေးဆိုင်တစ်ဆိုင်တွင် ဆူဆန်အနေဖြင့် အရက် ပြန်ပါသော လူးဆေးနှစ်မျိုးမှ တစ်မျိုးဝယ်ရန် ဆုံးဖြတ်ရမည် ဖြစ်သည်။

ဆေးနှစ်မျိုးစလုံး တူညီနေသောကြောင့် ဓာတုအင်ဂျင်နီ ယာဖြစ်သူ ခင်ပွန်းထံ ဖုန်းဆက်မေးမြန်းရတော့သည်။

"ယောကျ်ားရေ ... အိုင်ဆိုပရိုဖိုင်းအယ်ကိုဟော လူးဆေးနဲ့ အီသိုင်းအယ်လ်ကိုဟော လူးဆေးနှစ်မျိုးက ဘာကွာသလဲဟင်"

"ကာဘွန်အက်တမ်တစ်လုံးပဲ ကွာတာပါ"

mgyoe.com

mgyoe.com


## လိမ်မယ်ဆိုရင်

"လိမ်ပြောဖို့ဆိုတာ လူနှစ်ယောက်လိုအပ်ပါတယ်"

"ဘာဖြစ်လို့လဲ"

"တစ်ယောက်ကလိမ်ပြောဖို့၊ နောက်တစ်ယောက်က ယုံယုံကြည်ကြည်နားထောင်ဖို့"

## နားလည်မှုလွဲခြင်း

"ညက ကျွန်မ အိပ်မက်မက်တယ်။ ကျွန်မတို့ရဲ့ မင်္ဂလာနှစ်ပတ်လည်အတွက်ဆိုပြီး ရှင်က ကျွန်မကို ပုလဲလည်ဆွဲဝယ်ပေးတယ်တဲ့။ အဲဒါ ဘယ်လိုနိမိတ် ကောက်ရမလဲဟင်"

"အင်း ... ညနေ ကိုယ်ပြန်လာရင် သိရစေမယ်"

ထိုနေ့ညနေတွင် ယောကျ်ားဖြစ်သူ အိမ်ပြန်လာသောအခါ သူ့မိန်းမအား အထုပ်သေးသေးတစ်ခုကို ပေးလိုက်သည်။

ဇနီးသည်ကို ဝမ်းသာအားရ အထုပ်ကို ဖွင့်ကြည့်လိုက်သောအခါ အထုပ်ထဲ၌ အိပ်မက်တို့၏ အဓိပ္ပာယ်စာအုပ်ဖြစ်နေသည်ကို တွေ့ရလေသတည်း။

mgyoe.com

mgyoe.com



## အဘိုးကြီးထင်လို့

ဂျာနယ်လစ်တစ်ယောက်သည် အိမ်တစ်အိမ်၏ ဆင်ဝင်အောက်တွင် လှုပ်ကုလားထိုင်တစ်လုံးဖြင့် ငြိမ့်နေသော အလုံးအဖန်သေးသေး အဘိုးအိုတစ်ဦးထံ သွားရောက်အင်တာဗျူးလိုက်သည်။

"အဘိုးကြည့်ရတာ သိပ်ပျော်နေပုံပဲ။ အခုလိုပျော်ပျော်ကြီး အသက်ရှည်ဖို့ ဘယ်လိုများကျင့်ကြံနေခဲ့တာလဲ အဘိုးရဲ့"

"တစ်နေ့ကို စီးကရက်သုံးဘူးသောက်တယ်။ တစ်ပတ်ကို ဝီစကီ တစ်သေတ္တာကုန်အောင်သောက်တယ်။ မိန်းမတွေနဲ့ ပျော်ပါးတယ်"

"မယုံနိုင်စရာပါပဲလား။ ဒါထက် အဘိုးအသက်က ဘယ်လောက်ရှိပြီလဲဟင်"

"နှစ်ဆယ့်ခြောက်နှစ်"

mgyoe.com

mgyoe.com



# ဖြစ်ရပ်လေကွယ်

ရထားတစ်စင်းပေါ်ပါလာသော အားနည်းနေပုံရသည့် အသက်ကြီးကြီး ပိန်ပိန်ပါးပါးလူတစ်ယောက်မှာ သူဆင်းမည့် ဘူတာသို့ ရထားရောက်လာသောအခါ တိုက်ရိုက် တည့်တည့် မတ်မတ် မဆင်းနိုင်ဘဲ လက်ကိုင်တန်းကိုအားပြု၍ တဖြည်းဖြည်း ဖြင့် နောက်ပြန်ဆင်းခဲ့လေသည်။

ထိုစဉ် ကူညီတတ်သော မီးရထားဝန်ထမ်းတစ်ဦးရောက် လာပြီး ထိုလူကို နောက်ကျောမှ ဝင်ထိန်းပေးလိုက်ပြီး ရထား ပေါ်တက်ရန် ကြိုးစားနေသည်ဟု အထင်ရှိကာ တွန်းတင်ပေးလေ တော့သည်။ ထိုသူ ရထားပေါ်ပြန်ရောက်အပြီးဝယ် ရထားက ဆက်လက် ထွက်ခွာသွားခဲ့လေသည်။

ထိုသူမှာ နောက်ဘူတာရောက်သည်အထိ သူ့အဖြစ်ကို မကျေမနပ်ဖြင့် မြည်တွန်တောက်တီးနေလေတော့သတည်း။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


# အခွင့်အရေးရတုန်းမို့

ယောကျ်ားဖြစ်သူ အိမ်ပြန်ရောက်ခိုက်တွင် ဇနီးက ညဝတ်စုံအပါးကို ဝတ်ဆင်ကာ ဆီးကြိုလိုက်သည်။

"ယောကျ်ားရေ ... ကျွန်မကို ကြိုးနဲ့တုပ်ပေးစမ်းပါ။ ပြီးရင် သဘောရှိသလို လုပ်လို့ရတယ်"

"ရွှေ့ ... နိပ်ဟာ၊ တယ်ဟုတ်ပါလား"

ယောကျ်ားသည် ဇနီးကို အိပ်ရာထက်တွင် ပြားကပ်နေအောင် ကြိုးတုပ်ထားခဲ့ပြီး ဂေါက်သီးရိုက်ရန် ထွက်သွားလေတော့၏။

mgyoe.com

mgyoe.com


## နှစ်မျိုးစလုံး လိုအပ်တယ်

မြို့နယ်လေးတစ်ခုမှ လုံထိန်းအရာရှိသည် ထိုမြို့လေး၏ တစ်ဦးတည်းသော တိရစ္ဆာန်ဆရာဝန်လည်းဖြစ်သည်။

တစ်ညတွင် အရေးပေါ်ဖုန်းမြည်လာသဖြင့် ဤသို့ ပြောကြားလိုက်လေသည်။

"အခု ကျွန်တော့်ကိုခေါ်တာဟာ လုံထိန်းအနေနဲ့လား၊ တိရစ္ဆာန် ဆရာဝန်အနေနဲ့လား"

"နှစ်ခုစလုံးပါပဲ။ တစ်ခုက ကျွန်တော်တို့ခွေးရဲ့ပါးစပ်ဖွင့်လို့မရဘူး။ နောက်တစ်ခုက သူ့ပါးစပ်ထဲမှာ အိမ်ဖောက်ထွင်းသူရဲ့ခြေထောက်ရှိနေတယ်။

mgyoe.com

mgyoe.com



## အကြောင်းရင်း

ယောက်ျားမုန်းသူများ ပြဇာတ်တွေကိုသာ မကဖြစ်တော့ကြောင်း ပြဇာတ်မန်နေဂျာက ကြေညာကာ အကြောင်းရင်းကို ဤသို့ ရှင်းပြလိုက်ပေသည်။

"ဒီလိုပါခင်ဗျာ။ ပြဇာတ်ရဲ့ အဓိကဇာတ်ဆောင်တွေဖြစ်တဲ့ မင်းသမီး ၇ ယောက်ရယ်၊ ကြောင်မ တစ်ကောင်ရယ်၊ သူတို့အားလုံး ကိုယ်ဝန်ရှိနေကြလို့ဖြစ်ပါတယ်ဟူ၏။"

mgyoe.com

mgyoe.com



## ကရိကထ များလို့ပါ

လူသုံးယောက် သေလွန်သောအခါ ကောင်းကင်ဘုံ ရောက်သွားကြလေသည်။ ညစာအတွက် ညတိုင်းလိုလိုပင် တူနာငါးဟင်းကိုသာ စားကြရပေသည်။ သူတို့သုံးယောက်သည် ထိုကိစ္စအတွက် ဘုရားသခင်နှင့် ရင်ဆိုင်တောင်းဆိုရန် တိုင်ပင်လိုက်ကြလေသည်။

"အရှင်ဘုရား၊ ညနေစာအတွက် တပည့်တော်တို့ကို ဘာဖြစ်လို့ တူနာငါးဟင်းချည်းပဲ ကျွေးနေရတာလဲ။ အောက်ကို ငုံ့ကြည့်လိုက်တော့ ငရဲပြည်က ဆေတန်ဟာ သူ့နိုင်ငံသားတွေကို ပုစွန်တုပ်၊ ကြက်သား၊ အမဲသားတွေကိုသာ တစ်လှည့်စီကျွေးနေတာ မြင်နေရပါတယ်။ တပည့်တော်တို့မှာ အဲသလိုစားခွင့်မရှိဘူးလား ဘုရား"

"အင်း ... မင်း တင်ပြတာ ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ကွာ ... မင်းတို့သုံးယောက်အတွက်နဲ့တော့ ချက်ရပြုတ်ရတာ ကရိကထများနေမလားလို့"

mgyoe.com

mgyoe.com


## စိတ်မရှည်တော့ဘူး

အပြင်ထွက်ခါနီး စောင့်နေရသည့် ခင်ပွန်းက အပေါ်ထပ်တွင် အလှပြင်နေသူ ဇနီးထံ လှမ်းအော်ပြောလိုက်လိုက်ပုံက …

"ပြင်လို့ ဘယ်တော့ပြီးမှာလဲဆိုတာကို ရက်စွဲနဲ့တကွ တိတိကျကျ ပြောစမ်းပါဦး။"

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


## စိတ်ကြည်ဆေး

"ဆရာပေးတဲ့ စိတ်ကြည်ဆေးသွေ ဆက် မသောက်ပါရစေနဲ့တော့"

"ဘာဖြစ်လို့လဲ မဒမ်"

"အဲဒီဆေးကို သောက်ပြီးရင် တစ်သက်လုံးကြည့်လို့မရခဲ့တဲ့ ယောကျ်ားကိုတောင်မှ ဖော်ဖော်ရွေရွေဆက်ဆံမိနေလို့ပါ"

mgyoe.com

mgyoe.com



## ငြိမ်းချမ်းစေဖို့

"အာရပ်တွေကိုသာ အဲကွန်း အလုံအလောက် ပေးလိုက်ရင် အရှေ့အလယ်ပိုင်းမှာ စစ်ပွဲတွေ ရပ်စဲသွားနိုင်တယ်ကွ"

"ဘာကြောင့် ဒီလိုအကြံပေးရတာလဲ"

"မင်း စဉ်းစားကြည့်လေ။ အပူချိန် ၁၁၀ ဒီဂရီဖာရင်ဟိုက်မှာ ဘယ်သူက စိတ်ရှည်နိုင်မှာတဲ့တုံး"

mgyoe.com

mgyoe.com


## ရယ်ရတယ်နော်

မိန်းမဖြစ်သူသည် တယ်လီဖုန်းနားထောင်ပြီးနောက် လင်ငယ်ရှိရာအိပ်ခန်းထဲ ဝင်လာခဲ့သည်။

"ဘယ်သူ ဖုန်းဆက်တာလဲဟင်"

"ကျွန်မယောကျ်ားပါ။ အိမ်ပြန်နောက်ကျမယ်တဲ့။ ဟင်း ဟင်း ... ရယ်ရတယ်။ သူက ရှင်နဲ့အတူ ဘီလီယက်ထိုးနေတာတဲ့လေ"

mgyoe.com